ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ သောကြာနေ့ (6-1-2012) (ဖြေဖ)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　　ဇန်နဝါရီ　　၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H. E. Mr. Andrew Richard Heyn တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။(ယာပုံ)**နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ) (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၆-၁-၂၀၁၂ [သောကြာနေ့]။

အချိန်. . . ကာလ

အချိန်နှင့်ဒီရေသည်လူကိုမစောင့်ဟု ဆို၏။ အချိန်ဟူသည့် စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်တို့သည် လျင်မြန်စွာ ကုန်ဆုံးလျက်ရှိ၏။ ထိုအချိန်တို့သည် ရက်ကို လစား၊ လကို နှစ်စားကာ နှစ်တစ်နှစ်တို့သည် လွယ်ကူစွာကုန်ဆုံးခဲ့ရသည်။ ကုန်ဆုံးခဲ့သော နှစ်များစွာသည် နောက်ပြန်လှည့်ကြည့်ပါက မကြာမတင်ဟု ထင်ရသည်။ ပစ္စုပ္ပန်တည့်တည့်ကိုကြည့်သောအခါ ကြာမြင့်သည်ဟု ထင်၏။ အနာဂတ်ကို မျှော်ကြည့်ပြန်လျှင် လျင်မြန်စွာ လွန်မြောက်တော့မည်။

ကုန်ဆုံးခဲ့သော အချိန်များအတွက် ကျွန်ုပ်တို့၏ဘဝများကို တန်ဖိုးရှိရှိ မည်သို့ဖြတ်သန်းခဲ့ပါသနည်း။ မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိ ဝန်းကျင်အတွက်၊ မိမိနိုင်ငံအတွက်၊ လောကတစ်ခွင်လုံးအတွက် မည်သို့ဖြတ်သန်းခဲ့ပါသနည်း။ အကျိုးပြုခဲ့ပါ၏လော။အကျိုးမဲ့ပါ၏လော။ အဟောသိကံ ဖြစ်ခဲ့ပါ၏လော။ ပြန်လည်ဆင်ခြင်သုံးသပ်ကာ ဆက်လက်လျှောက်လှမ်းနေပါ၏လော စသည် စသည်တို့သည် တွေးတောဖွယ်ဖြစ်၏။

ယခင် ဆယ်စုနှစ်တစ်ခုစာထက် ကုန်ဆုံးခဲ့သော ၂၀၁၁သည် ကျွန်ုပ်တို့နိုင်ငံအတွက် ကောင်းမွန်သော အပေါင်းလက္ခဏာများကို ဆောင်ကြဉ်းခဲ့ပါ၏။ အပြောင်းအလဲများစွာ ဖြစ်ထွန်းခဲ့ပါ၏။ မကြုံစဖူးထူးကဲသော ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံသူ၊ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ ကျွန်ုပ်တို့ပြည်သူပြည်သားများသာ အသိဆုံးဖြစ်ပါ၏။ ကောင်းမွန်သောအကျိုးရလဒ်ကောင်းများကို အချိန်တိုအတွင်းရရှိခဲ့၍ ကျွန်ုပ်တို့အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါ၏။

ကောင်းမွန်သော လောကဝန်းကျင်ဖြစ်တည်စေဖို့အတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် လုပ်ဆောင်ရုံဖြင့်မရ။ အားလုံးစိတ်တူကိုယ်မျှ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ကောင်းမွန်သောအမွေခံကောင်းကို ရရှိမည်ဖြစ်၏။ ၂၀၁၁ခုနှစ်၏ တိုတောင်းသော အချိန်ကာလအတွင်း ဖြစ်တည်ခဲ့သော အမွေခံကောင်းများကို ၂၀၁၂ သို့ ဆက်လက်သယ်ဆောင်ကြရဦးမည်ဖြစ်၏။ ၂၀၁၂သည်လည်း တရွေ့ရွေ့ကုန်ဆုံးကာ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅များဆီသို့ ရောက်ရှိလာဦးမည်ဖြစ်၏။

ကုန်ဆုံးခဲ့သော အချိန်များအတွက် နှမြောတသဖြစ်နေရုံဖြင့်မပြီး။ ပစ္စုပ္ပန်တွင် မတူသည်ကိုဖယ်၊ တူသည်ကို တွယ်ကာ ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ကြရန်သာဖြစ်၏။ ယနေ့ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများမှာ နတ်ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ လောကနိဗ္ဗာန်သို့ အလိုအလျောက်ရောက်ရှိခဲ့ခြင်း မဟုတ်။ ပြာပုံထဲမှရုန်းကန်ထလာခဲ့ကြခြင်းသာဖြစ်၏။ အချိန်၊ လုံ့လဝီရိယနှင့် ညီညွတ်မှုကို စိုက်ထုတ်ကာ လောကကို အလှဆင်ခဲ့ကြခြင်းသာ ဖြစ်သည်။ အားလုံးသည် မိမိနိုင်ငံကောင်းစားရေး၊ မိမိလူမျိုးကောင်းစားရေးကို ဦးတည်၍ မဆုတ်မနစ်ကြိုးပမ်းခဲ့ကြခြင်းသာ ဖြစ်သည်။

အချိန်သည် လူကိုမစောင့်။ လူက အချိန်ကိုစောင့်နေကြလျှင် မှားမည်ဖြစ်၏။ အချိန်ကို အလုပ်ဖြင့်သာ စောင့်ကြဖို့လိုသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်များ၊ ကတိကဝတ်များကို သတ်မှတ်အချိန်အတိုင်း အပြီးတိုင်ဆောင်ရွက်ကြရဦးမည်။ ၂၀၁၂မျှော်မှန်းချက်၊ ၂၀၁၃မျှော်မှန်းချက်၊ ၂၀၁၄ မျှော်မှန်းချက်များသည် နီးနီးလေးသာဖြစ်သည်။

မိမိအရင် မျှော်မှန်းချက်သို့ ရောက်နှင့်ပြီးသူများနှင့် အမီလိုက်နိုင်ရန် ကျွန်ုပ်တို့အားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ကာ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ရမည်ဟူသည့် ခံယူချက်ဖြင့် တိုတောင်းသောအချိန်ကာလအတွင်း ပန်းတိုင်သို့ အလျင်အမြန်ရောက်ရှိနိုင်အောင် အချိန်ကို အမြဲမပြတ်သတိပြုကြည့်မိကာ ကိုယ်စီတာဝန်သိစိတ်ဓာတ်ဖြင့် အစွမ်းကုန်လုပ်ဆောင်ကြရမည့်အချိန် ဖြစ်ပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

စင်ကာပူနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ စင်ကာပူပြည်သူ့သမ္မတနိုင်ငံကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း။

ပြီးခဲ့သည့် နှစ်ကာလများအတွင်း မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ဆီသို့ နိုင်ငံရေးအသွင်ကူးပြောင်းရာတွင် အောင်မြင်တိုးတက်မှုများ ရရှိခဲ့ပြီးဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် စီးပွားရေးဆိုင်ရာ အသွင်ပြောင်းလဲမှုများ အရှိန်အဟုန်မပြတ်စေရန် မိမိဆန္ဒပြုပါကြောင်း။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ၂၀၁၄ ခုနှစ် ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရမည်ကို စင်ကာပူနိုင်ငံက ထောက်ခံပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးစီးပွားများအတွက် အခွန့်ရှည်တည်ခဲ့ပြီးဖြစ်သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးဆက်လက်ခိုင်မာမည်ဟု မိမိမျှော်လင့်ပါကြောင်း စင်ကာပူဝန်ကြီးချုပ်၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

— — — — — — — —

သီရိလင်္ကာနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါ ရာဇပက်ခ်စာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ သီရိလင်္ကာပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်ကြသော မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ရှေးရာစုနှစ်ပေါင်းများစွာကပင် နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး တည်ရှိခဲ့ရာ အနာဂတ်၌လည်း မိမိတို့နှစ်နိုင်ငံအကြားဆက်ဆံရေးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ရေးအတွက် မိမိအနေဖြင့် မျှော်လင့်ပါကြောင်း။

အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း၍ မြန်မာပြည်သူအပေါင်းတို့ ကြွယ်ဝချမ်းသာစေရန် မိမိဆုမွန်ကောင်းတောင်းအပ်ပါကြောင်း သီရိလင်္ကာသမ္မတ မဟင်ဒါ ရာဇပက်ခ်စာ၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

— — — — — — —

ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် နိုရိုဒွန် ဆီဟာမိုနီက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ကမ္ဘောဒီးယားပြည်သူများနှင့် ဘုရင့်အစိုးရတို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့်တကွ ပြည်သူအပေါင်း ငြိမ်းချမ်းကြွယ်ဝချမ်းသာစေရေးအပြင် အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိဆုမွန်တောင်းအပ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ဆက်လက်အခွန့်ရှည်ကြာမည်ဟု မိမိယုံကြည်ပါကြောင်း ကမ္ဘောဒီးယားဘုရင်မင်းမြတ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

— — — — — —

ရုရှားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ရုရှားနိုင်ငံသမ္မတ မစ္စတာ ဒီမစ်ထရီမက်ဗီဒက်ဗ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့်အတူ မိမိဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် မိမိအနေဖြင့် ကျေနပ်အားရဖြစ်မိပြီး အစဉ်အလာအရ ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် အတွေ့အကြုံအရ ဆက်နွယ်မှုများသည် နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းဖြစ်လာမည်ဟု မိမိယုံကြည်ပါကြောင်း။

အာရှ-ပစိဖိတ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့နှင့်အတူ နှစ်နိုင်ငံအကျိုးစီးပွားများအတွက် နိုင်ငံတကာနယ်ပယ်၌ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးမှာ အရေးကြီးသည်ဟု မိမိထင်မြင်မိကြောင်း။

မြန်မာပြည်သူအပေါင်းတို့ ဖွံ့ဖြိုးကြွယ်ဝ၍ အဆွေတော်သမ္မတကြီးလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန် မိမိဆုမွန်တောင်းအပ်ပါကြောင်း ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်၏ သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီဗီလပ်ဗ်ရော့ဗ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

— — — — — — —

ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ထိုင်းပြည်သူများနှင့် ထိုင်းဘုရင့်အစိုးရတို့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူများအားလုံး ဖွံ့ဖြိုးကြွယ်ဝစေရန် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆူရာပွန် တိုဝီလ်ချက်စ်ချိုင်းကူးလ်ကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၆၃၁၀	၀. ၀၃၁၆၁
တရုတ် (ယွမ်)	၆. ၃၀၁၄၀	၀. ၁၅၈၆၉
အိန္ဒိယ (ရူပီး)	၅၂. ၉၈၅၀	၀. ၀၁၈၈၇
မလေးရှား (ရင်းဂစ်)	၃. ၁၄၇၀၂	၀. ၃၁၇၇၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၂၁၉	၀. ၇၇၃၈၈
ဂျပန် (ယန်း)	၇၇. ၀၆၃၄	၀. ၀၁၂၉၈
တောင်ကိုရီးယား(ဝမ်)	၁၁၅၃. ၈၅	၀. ၀၀၀၈၇
ယူရို	၀. ၇၈၀၈၇	၁. ၂၈၀၆၃
ဗြိတိသျှ (ပေါင်)	၀. ၆၄၅၇၄	၁. ၅၄၈၆၁

အင်တာနက်။

ပြည်တွင်းအခွန်ရုံးလုပ်ငန်း သင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံ သင်တန်းအမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) အောင်ဘာလေသိန်းဆုဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ပြည်တွင်းအခွန်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲ လေ့ကျင့်

ကျိုက်ထို ဇန်နဝါရီ ၅

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအမှတ်(၈၁)သစ်စက် ကျိုက်ထိုမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုကို ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့ဆောင်ရွက်ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေး၊ အမှတ်(၈၁) သစ်စက် စက်ရုံမှူး ဦးစိုးနိုင်၊ ဒုတိယစက်ရုံမှူး ဦးစန်းယုနှင့် စက်ရုံဝန်ထမ်းများက မီးငြိမ်းသတ်မှုကို ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်နှင့် ဗြိတိန်ပါလီမန်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန်ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ လွတ်လပ်တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေး၊ ပြည်သူ့လွှတ်တော်နှင့် ဗြိတိန်ပါလီမန်နှစ်ရပ်အကြား အတွေ့အကြုံများ ပူးပေါင်းမျှဝေဆောင်ရွက်ရေးတို့အပေါ် ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn တက်ရောက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁/၂၀၁၂) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် (၉၇/ခ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**ပါတီအား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၄၇)ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌအား ဂျာမနီနိုင်ငံပါလီမန်အမတ်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား ဂျာမနီနိုင်ငံပါလီမန်အမတ်များဖြစ်ကြသည့် Mr. Jürgen Klimke နှင့် Dr. Bijan Djir- Savai တို့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား ဂျာမနီနိုင်ငံပါလီမန်အမတ်များဖြစ်ကြသည့် Mr. Jürgen Klimke နှင့် Dr. Bijan Djir- Savai တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်အလံကို အလေးပြုသည်။

ထို့နောက် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်းများ ပြုလုပ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဖတ်ကြားသည်။**(အောက်ပုံ)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် အဆိုပါ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ သူနာပြုသင်တန်းသူများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၇၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တည်ဆောက်ဆဲ ဧရာဝတီတံတား(စင်းခန်း) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၅

တည်ဆောက်ဆဲ ဧရာဝတီတံတား(စင်းခန်း) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၇)နှင့် (၈) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၇)နှင့် (၈)အကြားမှ လည်းကောင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစ၍ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

သတ်မှတ်ဖွင့်လှစ်မည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၂၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၄၇ ပေရှိသည်။ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇန်နဝါရီ ၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနား တက်ရောက်ရန် ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများအား မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အိန္ဒိယကြည်းတပ်ဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ လိုက်ပါလာသောအဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလေးပြုခြင်းခံယူ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ထိုင်းနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ထိုင်းနိုင်ငံ SAHA GROUP SAHA PATHANAPIBUL PUBLIC ကုမ္ပဏီလီမိတက်မှ Chairman Mr. BOONSITHI CHOKWATANA နှင့် THAI PRESIDENT FOODS PUBLIC ကုမ္ပဏီလီမိတက်မှ Vice Chairman & CEO Mr.Pipat Paniangvait (Jim) တို့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်း၌ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဆုများချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက် ၉ နာရီတွင် သမဝါယမဝန်ကြီးဌာန၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုအားပေးပြီး အမျိုးသား လွန်ဆွဲပြိုင်ပွဲ ဆုရအဖွဲ့များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်နုနုဆွေက အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ ဆုရအဖွဲ့များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းက အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ ဆုရအဖွဲ့များအား လည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်သန်းသန်းဌေးက အမျိုးသားဘောလုံး(ဂိုးကျဉ်း)ပြိုင်ပွဲ ဆုရအဖွဲ့များအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ပြီး သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းတို့မှ ဝန်ထမ်းများ ပျော်ရွှင်စွာ ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခြေခံ အမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း (၁/၂၀၁၂)ကို ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို (တနင်္လာနေ့)မှ (သောကြာနေ့)အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) ငါးလွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူဦးရေ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်(၁၀၁) KSS နတ်သုဒ္ဓါဒိုင်ပေါက်ဆိုင်၌ ရယူ၍ ဇန်နဝါရီ ၁၅ ရက်နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း၊ ဖုန်း-၂၀၃၂၈၉ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လိုက်နာရန်စည်းကမ်းချက်များ ဆွေးနွေးပွဲသင်တန်း ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရမည့် စည်းကမ်းချက်များ ဆွေးနွေးပွဲသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်က ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ ရည်ရွယ်ချက်ဖြစ်သော တရားမျှတရေး၊ စည်းကမ်းရှိရေးနှင့် မသမာမှုများ ကင်းစေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာစစ်အဖွဲ့မှ တာဝန်ရှိသူများက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် လိုအပ်သည်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ စစ်ကဲလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ရခိုင်ပြည်နယ် ပညာရေးစုံညီပွဲတော် တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီခွဲတွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက်ရှိ စစ်ကဲလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကတ္တရာလမ်းသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုသည်။ အဆိုပါကတ္တရာလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၅၀၀၀၀ ဖြင့် ခင်းခဲ့ခြင်းဖြစ်ပြီး အကျယ် ၁၂ ပေနှင့် အရှည်ပေ ၆၀၀ ရှိကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရခိုင်ပြည်နယ် ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်ပညာရေးမှူး ဦးဟန်စိန်တို့က ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အထက(၂)ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော်တို့နှင့်လျော်သီချင်းဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်၊ ဇနီးနှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့(ရန်ကုန်) နှစ်ပတ်လည် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော်   ဇန်နဝါရီ   ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ကရင်ဒီမိုကရက်တစ်ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အော်တိုကြိုးဖုန်းများကို အရစ်ကျစနစ်ဖြင့် ငါးရစ်ခွဲ၍ ငှားရမ်းခွင့်ပေးမည်

နေပြည်တော်   ဇန်နဝါရီ   ၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အော်တိုတယ်လီဖုန်း ကြိုးဖုန်းများကို ဇန်နဝါရီ ၂ ရက်မှစတင်ပြီး ငါးရစ်ခွဲ၍ငှားရမ်းခွင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ခြောက်သိန်းခွဲ

ကနဦးတပ်ဆင်ခ ခြောက်သိန်းခွဲဖြင့် ငှားရမ်းသုံးစွဲခွင့်ပြုမည်ဖြစ်ပြီး ပထမအရစ်အတွက် ငွေကျပ်သုံးသိန်းကို စာချုပ်ချုပ်ဆိုသည့်နေ့တွင် လည်းကောင်း၊ ဒုတိယအရစ်အတွက် ငွေကျပ်တစ်သိန်းကို စာချုပ်ချုပ်ဆိုပြီး၍ နှစ်လပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင် လည်းကောင်း၊ တတိယအရစ်အတွက် ငွေကျပ်တစ်သိန်းကို စာချုပ်ချုပ်ဆိုပြီး၍ လေးလပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင် လည်းကောင်း၊ စတုတ္ထအရစ်အတွက် ငွေကျပ်တစ်သိန်းကို စာချုပ်ချုပ်ဆိုပြီး၍ ခြောက်လပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင် လည်းကောင်း၊ ပဉ္စမအရစ်အတွက် ငွေကျပ်ငါးသောင်းကို စာချုပ်ချုပ်ဆိုပြီး၍ရှစ်လပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင် လည်းကောင်း ပေးသွင်းရမည်ဖြစ်သည်။

ပထမအရစ်ငွေပေးသွင်းပြီး ၃ ရက်အတွင်း တယ်လီဖုန်းများ တပ်ဆင်နိုင်ရန် စီစဉ်ထားရှိသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများတွင် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် အိန္ဒိယသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော်   ဇန်နဝါရီ   ၅

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာနရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ပြပွဲစိုရ်ခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲအုပ်ကျော်သိန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်တင်မိုးက လူကုန်ကူးမှုဆိုင်ရာဥပဒေနှင့် နည်းဥပဒေများကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်အောင်က လူကုန်ကူးမှုနှင့် ပတ်သက်၍ သိထားရမည့် အချက်အလက်များကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖုန်းများလဲလှယ်ခြင်းအတွက် နေ့စဉ်လျှောက်လွှာများဖြင့် ဆောင်ရွက်ပေး

နေပြည်တော်   ဇန်နဝါရီ   ၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်သူများဆက်သွယ်မှုလွယ်ကူစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ရှိ CDMA Fixed Phone ၀၁-၇၂××××၊ CDMA Mobile Phone ၀၉-၈၀××××× ဖုန်းများအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှစ၍ မိမိကြိုက်နှစ်သက်ရာ မိုဘိုင်းစနစ် (GSM, CDMA-450, CDMA-800) တယ်လီဖုန်းများဖြင့် လဲလှယ်ပေးလျက်ရှိသည်။

ထို့အပြင် ဆယ်လူလာမိုဘိုင်း တယ်လီဖုန်းများဖြစ်သည့် ၀၉-၉၉××××× နှင့် ၀၉-၉၀××××× ဖြင့် စသောတယ်လီဖုန်းများကိုလည်း ဇန်နဝါရီ ၃၁ ရက်အထိ မိမိကြိုက်နှစ်သက်ရာ မိုဘိုင်းစနစ် (GSM, CDMA-450, CDMA-800) တယ်လီဖုန်းများဖြင့် လဲလှယ်ပေးနိုင်ရေးအတွက် နေ့စဉ်လျှောက်လွှာများ လက်ခံဆောင်ရွက်လဲလှယ်ပေးလျက်ရှိသည်။ လဲလှယ်မည့်သူများအနေဖြင့် ရန်ကုန်မြို့နှင့် နယ်မြို့အသီးသီးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ငွေစာရင်းဌာနတွင် ကြွေးကင်းရှင်းကြောင်းစာရွက်ရယူ၍ လဲလှယ်လိုကြောင်း လျှောက်လွှာတင်ရမည်ဖြစ်သည်။

မိုဘိုင်းတယ်လီဖုန်းများအား လဲလှယ်မည်ဆိုပါက ဖုန်းဘီလ်စာအုပ်၊ စာချုပ်မူရင်း၊ လာရောက် လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ မူရင်းတို့လိုအပ်ပြီး အဆိုပါဖုန်းများလဲလှယ်ပေးခြင်းကို ရန်ကုန်မြို့၌ ရွှေဂုံတိုင်(စီးပွားရေးဌာန)၊ ပန်းဆိုးတန်း (စီးပွားရေးဌာန)၊ အလုံ(စီးပွားရေးဌာန)၊ ရန်ကုန်စာတိုက်ကြီး (စီးပွားရေးဌာန)၊ လမ်း(၄၀) (စီးပွားရေးဌာန) နေရာငါးနေရာတွင် ဆောင်ရွက်ပေးလျက်ရှိကာ ပြည်နယ်/တိုင်းဒေသကြီးများရှိ ဆယ်လူလာဖုန်းများကိုလည်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများ၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးများ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန်   ဇန်နဝါရီ   ၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲများကို ကျောက်တံခါးမြို့နယ် အားကစားကွင်း၌ ဒီဇင်ဘာ ၂၃ ရက်မှ စတင်၍ ပြိုင်ပွဲဝင်အသင်း ၂၀ ဖြင့် ယှဉ်ပြိုင်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်တွင် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကမ္ဘောဇအသင်းနှင့် တပင်ရွှေထီးအသင်းတို့ယှဉ်ပြိုင်ကစားကြပြီး တပင်ရွှေထီးအသင်းက ငါးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
- ၈း၁၅ ၈။ "ရေအောက်ကမ္ဘာဆီသို့ ငါးပြတိုက်"
- ၈း၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၁၀။ "မြူတိမ်ကင်းသောနေ့"
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၂၅ ၄။ မြန်မာစာ၊ မြန်မာစကား
- ၄း၄၅ ၅။ နှောင်းခေတ်တေးပဒေသာ
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ "စုစည်းခံစားကမ္ဘာ့အားကစား"
- ၅း၃၀ ၉။ "၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၁)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ၊ ပြိုင်ပွဲဂုဏ်ပြုတေးသီချင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လှုပ်တစ်ပြက်ဟာသများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၃၃)**
- ၂၀။ သီချင်းချစ်သူ (ထူးအယ်လ်လင်း)
- ၂၁။ အစီအစဉ်ပြီး၏။

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ရန်ကုန် ဇန်နဝါရီ ၅

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ရွာမအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ၁၃၇၃ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက်က ရွာမအနောက်ရပ်ကွက် ပညာရာမိကဆရာတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ အခမ်းအနားတွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရပ်ကွက်ရပ်မိရပ်ဖ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဒါရိုက်တာ ဘုန်းဝေ၊ ရွှေအောင်သင်းနှင့် ဗေလုဝ တို့က စာပေရေးရာတို့ကို ဟောပြောကြသည်။

(ကြေးမုံ)

ဆုချီးမြှင့်

သန်လျင်မြို့ အမှုထမ်းရပ်ကွက် မူလွန်(၁) (ညောင်သုံးပင်)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျောင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မသန္တာထက်ထက်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၂၇)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel -Ahad သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ပြည်တွင်းရွှေ့ပြောင်းသွားလာမှု စစ်တမ်းကောက်ယူနိုင်ရေး ဆောင်ရွက်မှု၊ အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် UNFPA မှ နည်းပညာနှင့် သင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ စစ်တွေတပ်နယ်မှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကလေးငယ်များနှင့် မိခင်များအား ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နုနုဇံနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ဇနီးနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၄)လမ်း၌ တိုက်ပြိုကျမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၅

ယမန်နေ့နံနက် ၁၁ နာရီခွဲခန့်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၄)လမ်းရှိ သုံးထပ်တိုက်အပေါ်ဆုံးထပ် ဘယ်ဘက်ခြမ်းအခန်း၏ အနောက်ဘက်ရေချိုးခန်း၌ ပစ္စည်းများ၊ ဗီရို၊ ကြမ်းခင်းပြားများ၏ အလေးချိန်ကြောင့် အခန်းပြိုကျမှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

အခင်းဖြစ်ပွားရာသို့ မီးသတ်ယာဉ် သုံးစီး၊ အသက်ကယ်ယာဉ်တစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အခန်းပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရေချိုးခန်းကြမ်းပြင် ကွန်ကရစ်လောင်းစဉ်က သံချောင်းများ လုံလောက်စွာထည့်သွင်းတည်ဆောက်ထားခြင်းမရှိ၍ အခန်းပြိုကျခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ (စိုးမင်း-သတင်းစဉ်)

ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၅

ဒီဇင်ဘာ ၂၁ ရက် နံနက် ၂ နာရီခွဲခန့်တွင် ရန်ကုန်-မန္တလေး အမြန်လမ်း ရန်ကုန်-နေပြည်တော်အပိုင်း မိုင်တိုင်အမှတ်(၃/၀)နှင့် (၃/၁)အကြား၌ နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်လာသော Nissan City Bus မှန်လုံယာဉ်တစ်စီးသည် သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်၍ အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် ရေသန့်မြောင်းတံတားအရောက်တွင် တံတားလက်ရမ်းကို ဝင်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးအနက် ပွင့်ဖြူမြို့နယ်နေ မောင်အောင်ကျော်ဆန်း အသက်(၁၈)နှစ်မှာ သေဆုံးသွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးသင့် အိမ်ထောင်စုများအား ပစ္စည်းမျိုးစုံနှင့် ငွေများ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားစဉ်က မီးလောင်ပျက်စီးသွားသော နေအိမ်များကို ရန်ကုန်တိုင်းဒေသကြီး မီးဘေးကယ်ဆယ်ရေးစခန်း ကွပ်ကဲမှုအဖွဲ့က ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိပြီး အချို့သော မီးဘေးသင့်မိသားစုများသည် ပြုပြင်တည်ဆောက်ပြီးသော နေအိမ်များတွင် တက်ရောက်နေထိုင်လျက်ရှိကြပြီဖြစ်သည်။

အဆိုပါ မီးဘေးသင့်အိမ်ထောင်စုတစ်စုစီအတွက် ပထမအကြိမ်အဖြစ် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ၁၇ မျိုးနှင့် ငွေကျပ် ခုနစ်သိန်းစီကို မင်္ဂလာတောင်ညွန့်မြို့နယ် မဟာဝိဇယမင်္ဂလာရာမကျောင်းတိုက်ရှိ ကွပ်ကဲရေးစခန်း၌ ယနေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃) မြောက်ဥက္ကလာ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်းရှိ မြကန်သာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဘုန်းမာန်အောင်အား ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားကို အလှူရှင် ဟာဂျီဦးတင်အောင် မိသားစုက ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၁ ဦးတို့အား တက်ရောက်လာကြသော အလှူရှင်များနှင့် ဆရာ၊ ဆရာမများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်ကြားထူးချွန်ဆုရ ဆရာ၊ ဆရာမများကိုလည်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းညွန့်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၆၈၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၁၂ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ “အမေရိုက်မှ ပိုနာသည်” တရားတော် (ဆရာတော်ဦးသုခေမိတ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၃၁)**
- ၈း၄၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၉)
- ၈း၅၀ ပုသိမ်မြို့ အထက(၁) ယခင်ဟိုက်စကူးကျောင်း၏ အာစရိယပူဇော်ပွဲ
- ၉း၁၀ အထက(၆)ဗိုလ်တထောင် ယခင်(စိန့်ပေါလ်)ကျောင်း မြတ်ဆရာပူဇော်ပွဲနှင့် ဂီတပဒေသာကပွဲ
- ၉း၁၅ ထိခိုက်ရှနာဒဏ်ရာများအတွက် ကာကွယ်ပေးမည့် Hansaplat
- ၉း၃၀ Movie Talk
- ၉း၅၅ အထက ရွှေတောင်မော်၏ မြတ်ဆရာပူဇော်ပွဲ
- ၁၀း၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၁၀း၂၅ Fashion Week
- ၁၀း၄၅ Activities In The City
- ၁၁း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁၆)**
- ၁၂း၁၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) (ပါမောက္ခဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
- ၁၂း၃၅ ဗထူးတပ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဧကာဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၁း၀၀ “အမေရိုက်မှ ပိုနာသည်” တရားတော် (ဆရာတော်ဦးသုခေမိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၈)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၃၁)**
- ၅း၀၀ Activities In The City
- ၅း၁၀ မေတ္တာဖြင့် ဖေးမကူ UIT ၏အလှူ
- ၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁၆)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၂၀)
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၉)**
- ၇း၂၀ လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Road To Four FLAVOURS Show
- ၈း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၉း၀၅ Quiz Idol
- ၉း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၃၂)**
- ၁၀း၃၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၁၇)**
- ၁၁း၂၀ The Champion of Dance
- ၁၁း၅၅ ပိုင်-မောင်း-ရောင်းဘသောင်း (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) (ဒါရိုက်တာ-မျိုးဇော်အောင်)
- ၁၂း၃၅ Intellectual Talk
- ၁း၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
- ၁း၂၀ VJ Choice
- ၁း၄၅ ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့ . . .
- ၁း၅၅ World of Knowledge
- ၂း၄၅ စွမ်းအင်တို့ရဲ့နှီးစက်
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဖန်ခါးမြေမှရတနာ
- ၄း၁၅ အဖိုးတန်သော သဘာဝ သယံဇာတမြေဟူးကောင်း
- ၄း၃၀ နံနက်ခင်းအလှ
- ၄း၄၀ ဘဝဆည်းဆာအလှရှင်များ၏နားခိုရာ
- ၅း၀၀ အစီအစဉ်ပြီး။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက သယ်န်းကျွန်းမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင် ဖတ်ကြားစဉ်။ (၅၀၆)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိသည်။ **ထူးခြားသည့်ညအပူချိန်မှာ** အမ်းမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုနှင့် မြိတ်မြို့တို့တွင် သုည ဒသမ ၁၆ လက်မစီတို့ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘောလုံးခြေစမ်းပြိုင်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများ တက်ရောက်အားပေး

နေပြည်တော်　　ဇန်နဝါရီ　　၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဘောလုံးအသင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဘောလုံးအသင်း ခြေစမ်းပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် FC ကွင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

မြန်မာနိုင်ငံ တက္ကသိုလ်များကိုယ်စားပြု အားကစားအသင်းသည် ၂၀၁၀ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် AUG (Asian Universities Game) အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယ ရရှိခဲ့သည်။

၂၀၁၂ ခုနှစ် လာအိုနိုင်ငံ၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် ဉာဏ်ရည်မြင့်မားအားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီးများက ဘောလုံးအားကစားသမားများအား အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဘောလုံးအသင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဘောလုံးအသင်း ခြေစမ်းပြိုင်ပွဲသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅	၁။	နိုင်ငံတော်သီချင်း
၇း၁၀	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	ဇာတ်လမ်းတို

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၀၅	၃။	မျိုးချစ်တပ်မတော်
၄း၁၀	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	ဇာတ်လမ်းတို
၄း၂၅	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅	၈။	အိုင်စီတီသုတ
၄း၅၅	၉။	အားလုံးရဲ့တာဝန်
၅း၁၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	'ရွာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၀) -ပြိုင်ပွဲဝင်အမှတ်စဉ်(၃) (အိုင်းလောင်၊ စုစုစိုးစံ၊ ငွေမိုးနှင့်သရုပ်ဆောင်များ)
၆း၄၅	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၄)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေး(၃)ပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၃။	စိုက်ပျိုးသုတ
	၂၄။	သံစဉ်များနှင့်ကမ္ဘာ
	၂၅။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၂၇)**

စစ်ကိုင်းတိုင်းဒေသကြီး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား မုံရွာမြို့တွင် ကျင်းပ

နေပြည်တော်　　ဇန်နဝါရီ　　၅

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံတင်အဖွဲ့က နိုင်ငံတော်အလံကို လွှင့်တင်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဆူးလေကုန်းရပ် ဓမ္မာရုံလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားနှင့် နန္ဒဝန်ရပ် အနော်ရထာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးကြပြီး ကတ္တရာလမ်းသစ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဇနီး ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၌ မုံရွာမြို့ရှိ တက္ကသိုလ်များ၊ သူနာပြုကျောင်းနှင့် ပညာရေးကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့ပေါ် ရပ်ကွက် ပြည်သူများ၏ ပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ တာဝန်ထမ်းဆောင်နိုင်ရန် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ် အရာရှိများအတွက် လျှောက်လွှာခေါ်ယူသည့်ရက် တိုးမြှင့်

နေပြည်တော်　　ဇန်နဝါရီ　　၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်လိုသည့် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိများအတွက် သင်တန်းလျှောက်လွှာ ခေါ်ယူခဲ့ပြီးဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ အချိန်မီပေးပို့နိုင်ရေးအတွက် လျှောက်လွှာနောက်ဆုံးပေးပို့ရမည့် ရက်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရှိရသည်။

အသေးစိတ်ကို အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၆၀၃၆၊ ၄၀၆၀၃၇၊ ၄၀၆၁၈၂ နှင့် ၄၀၆၄၅၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ CEO Group မှ ဒါရိုက်တာ ဦးမြင့်ဟန် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန်　　ဇန်နဝါရီ　　၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေတို့က ကြီးမှူး၍ CEO Group က အဓိကကူညီပံ့ပိုးသော CEO Classic Golf Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပရာ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ CEO Group မှ ဒါရိုက်တာ ဦးမြင့်ဟန်၊ မြန်မာပီဂျီအေနှင့်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်နှင့် ဦးမင်းသိန်းတို့က ဂေါက်သီးရိုက်၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့(၁၈)ကျင်းအပြီး Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Srixon) က ရိုက်ချက် ၆၇ ချက်ဖြင့်ဦးဆောင်လျက်ရှိပြီး လှမျိုး (A.P.P.O) က ရိုက်ချက် ၆၈ ချက်ဖြင့် ဒုတိယ၊ ဇော်ဇင်ဝင်း (Srixon) နှင့် နေဗလဝင်းမြင့်တို့က ရိုက်ချက် ၆၉ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် အောင်ဆန်းမျိုး၊ မောင်မောင်ဦးနှင့် သိန်းနိုင်စိုးတို့က ရိုက်ချက် ၆၉ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

ရန်ကုန်　　ဇန်နဝါရီ　　၅

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ပဉ္စမအကြိမ်မြောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဌာနဆိုင်ရာအသီးသီးမှ ပြခန်း ၃၆ ခန်းနှင့် ပုဂ္ဂလိကပြခန်း ၇၆ ခန်း စုစုပေါင်း ၁၁၂ ခန်း ပြသမည်ဖြစ်ပြီး ပုဂ္ဂလိက ၇၆ ခန်း၌ ကားအရောင်းပြခန်းများ ပါဝင်ပြသမည်ဖြစ်ကာ ပြပွဲတွင် ပါဝင်ပြသလိုပါက စီစဉ်သူ ဦးစိုးမြတ်အောင် S. M. A Advertising & Publishing Group ဖုန်း-၀၉-၅၁၉၂၄၆၈၊ ၀၉-၇၃၀၁၄၅၉၉၊ ၀၁-၅၅၆၀၈၃နှင့် ၀၁-၄၀၁၃၁၅ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။　(သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မယဉ်မေဖူးအား ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံဆရာမ ဒေါ်စန်းစန်းလှနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်(နယူးရွှေစင် စိန်ရွှေရတနာဆိုင်) တို့က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၅

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပထမအကြိမ် ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား ဖူဆယ်အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ရပ်ကွက်မီးသတ်ရေကန်အနီးရှိ အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အားကစားမှူး ဦးစိုင်းဉာဏ်ထွန်းအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ကစားကြသည့် ဘောလုံးအသင်း ၁၆ သင်းတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကွင်းဖွင့်အမှာစကားပြောကြားပြီး **(ဝဲပုံ)** ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရှိရသည်။

(၆၈၄)

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၁ / ၂၀၁၂)

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၆ တွင် အောက်ပါရှင်းလင်းချက်ကို ဖြည့်စွက်ရမည် -

"ရှင်းလင်းချက်။ (၁) လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် ယင်းလွှတ်တော် သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ်သုံးနယ် ထက်မနည်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ ယင်းသို့ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခြင်းသည် ဤနည်းဥပဒေနှင့် အကျုံးဝင်စေရမည်။

(၂) ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ဖြစ်ပြီး မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ ကြားဖြတ်ရွေးကောက်ပွဲ မရှိပါက အထက်ပါရှင်းလင်းချက်(၁)နှင့် အကျုံးမဝင်စေရ။ သို့သော် မဲဆန္ဒနယ်သုံးနယ်ထက် နည်း၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပါက ထိုမဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၀ တွင် အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသော ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ရွေးကောက်ပွဲ အသုံးစရိတ် ငွေကျပ်သိန်း တစ်ရာအထိ သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း၏ တရားဝင်ရရှိသော ငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲနိုင်သည်။ ယင်းအသုံးစရိတ်စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။"

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ [ပုံစံ (က)၏ပူးတွဲ] တွင် စာပိုဒ် ၄(ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ (ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်။"

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၂ / ၂၀၁၂)

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၄ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နည်းဥပဒေ ၁၁ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ -

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။ "

(ခ) နည်းဥပဒေ ၁၅ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကိုကူးယူခွင့်ပြုရန် လျှောက်ထားလာပါက-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူတစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူတစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။"

(ဂ) နည်းဥပဒေ ၁၇ ပါ ပုံစံ (၅)၏ အပိုဒ် (၂)တွင် "(၁၁၀၀) နာရီမှ (၁၄၀၀) နာရီအတွင်း"ဆိုသည့် စကားရပ်အစား "ရုံးချိန်အတွင်း"ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အပိုဒ်(၅)တွင် "(၁၄၀၀)နာရီ" ဆိုသည့် စကားရပ်အစား "(၁၆၃၀)နာရီ" ဆိုသည့်စကားရပ်ကိုလည်းကောင်း အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၁၈ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည်-

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံ ဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးထံဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်း နှစ်စောင်ကိုပါ ကော်မရှင်ကသတ်မှတ်ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။ "

(င) နည်းဥပဒေ ၁၈ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်ကသတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မိမိအမည် စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်းကိုလည်း ပူးတွဲတင်ပြရမည်။ "

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ်(၃ / ၂၀၁၂)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၄ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နည်းဥပဒေ ၁၁ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ -

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။ "

(ခ) နည်းဥပဒေ ၁၅ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကို ကူးယူခွင့်ပြုရန် လျှောက်ထားလာပါက-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူတစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူ တစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။"

(ဂ) နည်းဥပဒေ ၁၇ ပါ ပုံစံ (၅)၏ အပိုဒ် (၂)တွင် "(၁၁၀၀) နာရီမှ (၁၄၀၀) နာရီအတွင်း" ဆိုသည့် စကားရပ်အစား "ရုံးချိန်အတွင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အပိုဒ် (၅)တွင် "(၁၄၀၀)နာရီ" ဆိုသည့်စကားရပ်အစား "(၁၆၃၀)နာရီ" ဆိုသည့်စကားရပ်ကိုလည်းကောင်း အစားထိုးရမည်-

(ဃ) နည်းဥပဒေ ၁၈ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည်-

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးထံဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်း နှစ်စောင်ကိုပါ ကော်မရှင်ကသတ်မှတ်ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။"

(င) နည်းဥပဒေ ၁၈ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်း ခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်းကိုလည်း ပူးတွဲတင်ပြရမည်။ "

(စ) နည်းဥပဒေ ၅၆ (က) (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက်တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ (၁၅) ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးက မိမိတို့ဌာနရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ပုံစံ (၁၅) များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည် ဖြစ်ကြောင်း တစ်ပါတည်း အကြောင်းကြားရမည်။"

(ဆ) နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသောဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဃ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၆)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေလေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။ "

(ဇ) နည်းဥပဒေ ၆၆(င) ပါ ပုံစံ (၁၆)တွင် အများပြည်သူအသိသက်သေ အနည်းဆုံးလေးဦး လက်မှတ်ရေးထိုးနိုင်စေရန်

(စ) နည်းဥပ
"၅၆။

(ဆ) နည်းဥပ
"၆၆။ (

(ဇ) နည်းဥပ
နေရာသ
ဖော်ပြခြ
"မှတ်ချက
(ဈ) နည်းဥပ
"၆၇။

(ည) နည်းဥပ
"၆၇။

(ဋ) နည်းဥပ
"၈၃။

နေရာသတ်
ဖော်ပြခြင်း
"မှတ်ချက်။
(ဈ) နည်းဥပဒေ
"၆၇။ မြို့
(က

(ည) နည်းဥပဒေ
"၆၇။ (ခ

(ဋ) နည်းဥပဒေ
"၈၃။ (က)

ဒများကို
း ထုတ်ပြန်

နည်းဥပဒေများ

က်တော် ရွေးကောက်ပွဲဥပဒေ
လိုက်သည်။
ဆင်သည့် နည်းဥပဒေများ

းအလိုက် ကျန်ရစ်ခဲ့ကြောင်း
ပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်
အဖွဲ့ခွဲက ထိုအမည်များကို
တွဲ မဲစာရင်းတွင် ထည့်သွင်း

က်ထားလာပါက-
လျှင် မဲစာရင်းမိတ္တူတစ်စုံကို

ားခြင်းဖြစ်လျှင် တစ်မျက်နှာ

း”ဆိုသည့် စကားရပ်အစား
” ဆိုသည့် စကားရပ်အစား

တင်းတစ်ဦးသည်-
နယ်အတွက် ရွေးကောက်ပွဲ
က်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်
င်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံ
် ဥက္ကဋ္ဌက တာဝန်လွှဲအပ်
ဖြစ် အမည်စာရင်းတင်သွင်း
ာ်မရှင်ကသတ်မှတ်ပေးသည့်

မည်။ ယင်းတင်သွင်းလွှာနှင့်
ကပ်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး
ရုံးစိုက်ရာ မြန်မာ့စီးပွားရေး
တင်ပြရမည်။ ”

(စ) နည်းဥပဒေ ၅၆ (က) (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ(၁၅)ကို သက်ဆိုင်ရာ ဌာနများသို့ ပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးက မိမိတို့ဌာနရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ပုံစံ(၁၅)များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့မည်သည့်နေ့ရက်အရောက် ဖြည့်စွက် ပေးပို့ရမည်ဖြစ်ကြောင်း တစ်ပါတည်းအကြောင်းကြားရမည်။”

(ဆ) နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဃ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၆)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေလေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ် တွင် ထိန်းသိမ်းထားရမည်။ ”

(ဇ) နည်းဥပဒေ ၆၆(င) ပါ ပုံစံ (၁၆) တွင် အများပြည်သူအသိသက်သေ အနည်းဆုံး လေးဦး လက်မှတ်ရေးထိုးနိုင်စေရန် နေရာသတ်မှတ်ဖော်ပြခြင်း၊ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၈)နှင့် ပုံစံ (၁၉) တို့တွင် အောက်ပါအတိုင်းမှတ်ချက်များ ဖြည့်စွက် ဖော်ပြခြင်းပြုရမည် -

“မှတ်ချက်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။”

(ဈ) နည်းဥပဒေ ၆၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ နှင့် အများပြည်သူများ ရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈)တွင်ဖြည့်သွင်းရမည်။ ယင်းပုံစံ (၁၈)တွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေ များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက် နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ ”

(ည) နည်းဥပဒေ ၆၇ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၇။ (ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ(၁၆)ဖြင့် ရေးသွင်းထားသော လွှတ်တော် ကိုယ်စား လှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက် (နည်းဥပဒေ ၄၆(ခ) နှင့် (ဂ)တို့အရ ရရှိသည့် ဆန္ဒမဲများအပါအဝင်)နှင့် ပုံစံ(၁၈)အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာ ထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ တို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ် ဆောင်ရွက် ရမည်။ ယင်းစာရင်း တစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။”

(ဋ) နည်းဥပဒေ ၈၃ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၈၃။ (က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂ အရ မိမိအားအရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်း သူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံစာ တင်သွင်းစေရမည်။”

(ဌ) နည်းဥပဒေ ၈၇ တွင် ပါရှိသော “ ရက်ပေါင်း ၆၀ အတွင်း ” ဆိုသည့် စကားရပ်ကို “ ၂၁ ရက်အတွင်း ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) နည်းဥပဒေ ၉၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ၁၀ သိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ဆုံးဖြတ်ချက် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်မိတ္တူကို ရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။”

(ဎ) နည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူက လည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ဥပဒေကြောင်းအရ မှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်ကြောင်း အကြောင်း ပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် သုံးသိန်းကို ကော်မရှင် က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ်သုံးသိန်း ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏အမိန့် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့် အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့ တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။”

(ဏ) နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၀၁။ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၉၉ အရ တင်သွင်းသည့် အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမ ကျင့်ထုံးဥပဒေအရ အယူခံမှုများကိုကြားနာစစ်ဆေးရာတွင် လိုက်နာရသည့်ကျင့်ထုံးနှင့်အညီ ကြားနာ စစ်ဆေးရမည်။ ”

(တ) နည်းဥပဒေ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၀၂။ ကော်မရှင်သည် နည်းဥပဒေ ၁၀၀ အရ တင်သွင်းသည့်ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင်-

(က) ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သည့်ခုံရုံးဖြင့် ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး ပါဝင်သည့်ခုံရုံးဖြင့် စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင် အဖွဲ့ဝင်များ မပါဝင်စေရ။”

(ထ) နည်းဥပဒေ ၁၀၃ ၏အောက်တွင် နည်းဥပဒေ ၁၀၃-က နှင့် နည်းဥပဒေ ၁၀၃-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်က သော်လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကို ပေးဆောင်ရန်ပျက်ကွက်ပါက သက်ဆိုင်ရာ ခုံအဖွဲ့သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဇာရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများ နှင့်အညီ ဆောင်ရွက်ရမည်။

၁၀၃-ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာ ပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင် ခွင့်ပြုထားသည်မှတစ်ပါး ယင်းသို့ဆုံးဖြတ်ချက်ချမှတ် ပြီးသည့် အမှုတွဲများ၏မိတ္တူကို ကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။”

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ွက် ရွေးကောက်ပွဲ ဥပဒေပါ
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊
ခွဲ ဥက္ကဋ္ဌထံဖြစ်စေ၊ ဥက္ကဋ္ဌက
လွှဲအပ်ထားသော အဖွဲ့ဝင်
တင်သွင်းနိုင်သည်။ ယင်းသို့
်မှတ်ပေးသည့် ပုံစံအတိုင်း

ယင်းတင်သွင်းလွှာနှင့်အတူ
ကပ်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး
ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ
။ ”

ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်

် သို့မဟုတ် နေ့ရက်များကို
တော်သားများနှင့် အတူနေ
ပ နည်းဥပဒေ ၅၄ ပါ အခြား
်ရာဌာနများသို့ ပေးပို့ရမည်။
သူများထံသို့ ပုံစံ (၁၅) များ
က် ဖြည့်စွက်ပေးပို့ရမည် ဖြစ်

ဥပဒေ ၅၁(ဃ)အရ လက်ခံ
တော်ကိုယ်စားလှယ်လောင်း
င်းတစ်ဦးစီရရှိသည့် ဆန္ဒမဲ
န်ကန်ကြောင်း မဲရုံမှူး၊ မဲရုံ
 လက်မှတ်ရေးထိုး၍ ပုံစံ
ကို ရပ်ကွက် သို့မဟုတ်
်ကို မဲရုံမှူး၏လက်ဝယ်တွင်

လက်မှတ်ရေးထိုးနိုင်စေရန်

နေရာသတ်မှတ်ဖော်ပြခြင်း၊ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၈)နှင့် ပုံစံ (၁၉) တို့တွင် အောက်ပါအတိုင်းမှတ်ချက်များ ဖြည့်စွက် ဖော်ပြခြင်းပြုရမည် -

“မှတ်ချက်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။”

(ဈ) နည်းဥပဒေ ၆၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူများ ရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၈)တွင် ဖြည့်သွင်းရမည်။ ယင်းပုံစံ (၁၈)တွင် လွှတ်တော်ကိုယ်စားလှယ် လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိ သက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ် လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။”

(ည) နည်းဥပဒေ ၆၇ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆၇။ (ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ(၁၆)ဖြင့် ရေးသွင်းထားသော လွှတ်တော်ကိုယ်စား လှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက် (နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ)တို့အရ ရရှိသည့် ဆန္ဒမဲများအပါအဝင်) နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်များနှင့် ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထား သည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန် ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေး ကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ ယင်းစာရင်း တစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရမည်။”

(ဋ) နည်းဥပဒေ ၈၃ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၈၃။ (က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂ အရ မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံစာ တင်သွင်း စေရမည်။”

(ဌ) နည်းဥပဒေ ၈၇ တွင် ပါရှိသော “ရက်ပေါင်း ၆၀ အတွင်း” ဆိုသည့် စကားရပ်ကို “၂၁ ရက်အတွင်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) နည်းဥပဒေ ၉၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ၁၀ သိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ဆုံးဖြတ်ချက် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်း ချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်မိတ္တူကို ရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။”

(ဎ) နည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူက လည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ဥပဒေကြောင်းအရမှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်ကြောင်း အကြောင်း ပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ်သုံးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ်သုံးသိန်း ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏အမိန့်မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်း ချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်း ကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့်သည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။”

(ဏ) နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၀၁။ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံး ပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၉၉ အရ တင်သွင်းသည့် အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမ ကျင့်ထုံး ဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေးရာတွင်လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေး ရမည်။”

စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆

◆ စာမျက်နှာ ၉ မှ

(တ) နည်းဥပဒေ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၂။ ကော်မရှင်သည် နည်းဥပဒေ ၁၀၀ အရ တင်သွင်းသည့်ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင် -

(က) ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့်ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့်စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်များ မပါဝင်စေရ။"

(ထ) နည်းဥပဒေ ၁၀၃ ၏အောက်တွင် နည်းဥပဒေ ၁၀၃-က နှင့် နည်းဥပဒေ ၁၀၃-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်ကသော်လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာခုံအဖွဲ့သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒီဂရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀၃-ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင် ခွင့်ပြုထားသည်မှတစ်ပါး ယင်းသို့ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အမှုတွဲများ၏မိတ္တူကို ကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။"

(ပုံ) တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၄ / ၂၀၁၂)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၄ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နည်းဥပဒေ ၁၁ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ -

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

(ခ) နည်းဥပဒေ ၁၅ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကိုကူးယူခွင့်ပြုရန် လျှောက်ထားလာပါက -

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူ တစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူတစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။"

(ဂ) နည်းဥပဒေ ၁၇ ပါ ပုံစံ (၅)၏ အပိုဒ် (၂)တွင် "(၁၁၀၀) နာရီမှ (၁၄၀၀) နာရီအတွင်း " ဆိုသည့် စကားရပ်အစား "ရုံးချိန်အတွင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အပိုဒ် (၅)တွင် "(၁၄၀၀) နာရီ" ဆိုသည့်စကားရပ်အစား "(၁၆၃၀)နာရီ " ဆိုသည့်စကားရပ်ကိုလည်းကောင်း အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၁၈ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးထံဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်းနှစ်စောင်ကိုပါ ကော်မရှင်က သတ်မှတ်ပေးသည့်ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။"

(င) နည်းဥပဒေ ၁၈ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်ကသတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်းကိုလည်း ပူးတွဲတင်ပြရမည်။"

(စ) နည်းဥပဒေ ၅၆ (က) (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ (၁၅) ကို သက်ဆိုင်ရာဌာနများသို့ပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးက မိမိတို့ဌာနရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ပုံစံ (၁၅) များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်း တစ်ပါတည်းအကြောင်းကြားရမည်။"

(ဆ) နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဃ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၆)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံး သက်သေလေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကိုမဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။"

(ဇ) နည်းဥပဒေ ၆၆(င) ပါ ပုံစံ (၁၆) တွင် အများပြည်သူအသိသက်သေ အနည်းဆုံး လေးဦး လက်မှတ်ရေးထိုးနိုင်စေရန် နေရာသတ်မှတ်ဖော်ပြခြင်း၊ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၈)နှင့် ပုံစံ (၁၉) တို့တွင် အောက်ပါအတိုင်းမှတ်ချက်များ ဖြည့်စွက်ဖော်ပြခြင်းပြုရမည် -

"မှတ်ချက်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။"

(ဈ) နည်းဥပဒေ ၆၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူများရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈)တွင်ဖြည့်သွင်းရမည်။ ယင်းပုံစံ (၁၈)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။"

(ည) နည်းဥပဒေ ၆၇ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ (ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ(၁၆)ဖြင့် ရေးသွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက်(နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ) တို့အရ ရရှိသည့် ဆန္ဒမဲများအပါအဝင်) နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ ယင်းစာရင်းတစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကိုလက်ခံအဖြစ် သိမ်းဆည်းထားရမည်။"

(ဋ) နည်းဥပဒေ ၈၃ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂ အရ မိမိအား အရည်အချင်းပျက်ယွင်းသူဟုမသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံစာ တင်သွင်းစေရမည်။"

(ဌ) နည်းဥပဒေ ၈၇ တွင် ပါရှိသော "ရက်ပေါင်း ၆၀ အတွင်း" ဆိုသည့် စကားရပ်ကို "၂၁ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) နည်းဥပဒေ ၉၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ၁၀ သိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကို ရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။"

(ဎ) နည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူက လည်းကောင်း၊ ကန့်ကွက်ခံရသူက လည်းကောင်း ဥပဒေကြောင်းအရ မှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်ကြောင်း အကြောင်းပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်က ကုန်ကျမည့်အမှုစရိတ် ငွေကျပ် သုံးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် သုံးသိန်း ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ အမိန့်မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့်သည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဏ) နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၁။ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံး ပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၉၉ အရ တင်သွင်းသည့် အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမကျင့်ထုံးဥပဒေအရ အယူခံမှုများကိုကြားနာစစ်ဆေးရာတွင် လိုက်နာရသည့်ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။"

(တ) နည်းဥပဒေ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၂။ ကော်မရှင်သည် နည်းဥပဒေ ၁၀၀ အရ တင်သွင်းသည့် ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင် -

(က) ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့် ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့် စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်များ မပါဝင်စေရ။"

(ထ) နည်းဥပဒေ ၁၀၃ ၏အောက်တွင် နည်းဥပဒေ ၁၀၃-က နှင့် နည်းဥပဒေ ၁၀၃-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်ကသော်လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာခုံအဖွဲ့သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒီဂရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀၃-ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရ လည်းကောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင် ခွင့်ပြုထားသည်မှတစ်ပါး ယင်းသို့ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အမှုတွဲများ၏မိတ္တူကို ကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။"

(ပုံ) တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယတပ်မတော်ကြည်းတပ် ဦးစီးချုပ် General Vijay Kumar Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (ဝဲပုံ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယ တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh နှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (အောက်ပုံ)

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတရုံး၏ ၂-၁-၂၀၁၂ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၂ အရ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သည့် အကျဉ်းသားများအခြေအနေ

နေပြည်တော် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄ (ခ)နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များပေးနိုင်ရန် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂-၁-၂၀၁၂ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၁၂)**ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်များ ထုတ်ပြန်ခဲ့သည်။

အဆိုပါ အမိန့်များအရ ၂၀၁၂ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအနက်မှ အကျဉ်းသား ၆၀၈၇ ဦး၊ အကျဉ်းသူ ၅၆၉ ဦး စုစုပေါင်း ၆၆၅၆ ဦးတို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ပြစ်ဒဏ်ပြောင်းလဲခံစားခွင့်အဖြစ် သေဒဏ်မှ ထောင်တစ်သက်သို့ ပြောင်းလဲကျခံရသူ အကျဉ်းသား ၃၁ ဦး၊ အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၃၃ ဦး၊ ထောင်ဒဏ်(၃၀)နှစ်အထက်မှ ထောင်ဒဏ်(၃၀)နှစ်သို့ ပြောင်းလဲသတ်မှတ်ခံရသူ အကျဉ်းသား ၉၈၈ ဦး၊ အကျဉ်းသူ ၁၃၀ ဦး စုစုပေါင်း ၁၁၁၈ ဦး၊ ထောင်ဒဏ်(၂၀)နှစ်အထက်မှ (၃၀)နှစ်အထိ ပြစ်ဒဏ်မှ ထောင်ဒဏ်(၂၀)နှစ်သို့ ပြောင်းလဲသတ်မှတ်ခံရသူ အကျဉ်းသား ၂၃၀၀ ဦး၊ အကျဉ်းသူ ၄၀၂ ဦး စုစုပေါင်း ၂၇၀၂ ဦးနှင့် ထောင်ဒဏ်(၂၀)နှစ်အောက်ပြစ်ဒဏ်မှ ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ရက်အဖြစ် ခံစားခွင့်ရရှိသူ အကျဉ်းသား ၂၉၈၅၅ ဦး၊ အကျဉ်းသူ ၅၂၅၆ ဦး စုစုပေါင်း ၃၅၁၁၁ ဦး ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အတည်ပြုချိန် - ၁၂း၄၀